ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



## ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)

ပက်မခန်းကျေးရွာ ၊ ပက်မခန်းကျေးရွာအုပ်စု

၂၀၁၇ခုနှစ် ကြံခင်းမြို့

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်
အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
သုံးသပ် ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀ ။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်ချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရခိုင် ပြည်နယ်
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေလမင်းသစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကျေးရွာမြေပုံ (တည်နေရာပြ)


ကြံခင်းမြို့နယ်   ပက်မခမ်းကျေးရွာအုပ်စုမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ကြံခင်းမြို့နယ်
ပက်မခမ်းကျေးရွာအုပ်စု
စကေး ၂လက်မ = ၁မိုင်
ကြံတောအုပ်စု
လမိုင်းကွင်း
သဲကော
ဖြောက်ကုန်း
ပက်မခမ်း
ပက်မခမ်းအုပ်စု
ရှင်းတိုက်ကုန်း
ပတော်သစ်တောကြိုးဝိုင်း
အင်းပက်လက်
ပိန္နဲကွင်းအုပ်စု
မြန်အောင်မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

**၃။ပက်မခန်းအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း**

**၁။ ပက်မခန်းကျေးရွာ**

၂။ အင်းပက်လက်ကျေးရွာ

၃။ ရင်းတိုက်ကုန်းကျေးရွာ

၄။ ကြပ်ခေါင်းကျေးရွာ

၅။ ရွှေလောင်းကုန်းကျေးရွာ

၆။ မြောက်ကုန်းကျေးရွာ

၇။ သဲကောကျေးရွာ

၈။ လမိုင်းကွင်းကျေးရွာ

## ၄။ ကျေးရွာအခြေခံ အချက်အလက်

ပက်မခန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတခရိုင် ၊ ကြံခင်းမြို့နယ်ပက်မခန်းအုပ်စု အတွင်းတည်ရှိသော ကျေးရွာကလေးဖြစ်သည်။ အိမ်ခြေ ၁၀၁-အိမ်ရှိပြီး၊အမျိုးသား ၁၅၃- ဦး၊အမျိုးသမီး ၁၇၈- ဦး ရှိပါသည်။ ကြံခင်းမြို့နှင့် ၉-မိုင်ခန့် ကွာဝေးပြီး၊ မိုးရာသီတွင် လမ်းများပျက်စီးသောကြောင့် ခက်ခဲစွာ သွားလာကြရသည်။ ပက်မခန်းသည် အုပ်စုကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင် အ မ က မူလတန်းကျောင်းရှိပါသည်။ ကျေးရွာ၏ရွာလယ်တွင်ကိုးကွယ်ရန်ချောင်းရှိပါသည်။ မိုးရာသီတွင်နှစ်စဉ်ချောင်းရေလျှံခြင်းကြောင့် ရွာတွင်းလမ်းများပျက်စီးမှုရှိသည်။ စီမံကိန်းဒုတိယနှစ်စက်ဝန်းတွင် ရွာတွင်းလမ်းမြေကတ္တပြုလုပ်ခြင်းကို ဆောင်ရွက်သောကြောင့်ရွာတွင်းလမ်းများကောင်းမွန်သည် ။ လုပ်ငန်း ပြီးဆုံးသည်အထိဆောင်ရွက်နိုင်ခြင်းမရှိသေးပါ ။ ကျေးရွာအခြေခံအဆောက်အဦးအနေဖြင့် ပက်မခန်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကိုးကွယ်ကြပါသည်။ အခြေခံပညာအလယ်တန်းနှင့်အထက်တန်းပညာသင်ကြားရန် အတွက်ကို အ.ထ.က(ခွဲ )မျောက်ချောကုန်းသို့သွားရောက်ပညာသင်ကြားကြ ရ သည်။

လယ်ယာလုပ်ငန်း၊ မြေပဲစိုက်လုပ်ငန်း၊ မတ်ပဲစိုက်ခြင်းလုပ်ငန်းများသည်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြရသူများလည်း ရှိပါသည်။ ကျေးရွာသူ/ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

# ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 26.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 10 | 13 | 23 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 12 | 16 | 28 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဉစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 26.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 11 | 13 | 24 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 26.9.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 10 | 13 | 23 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 26.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | 8 | 16 | 24 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 26.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 20 | 37 | 57 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 20 | 37 | 57 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက် များ (Village Vision) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 20 | 37 | 57 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 26.9.2017 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ ၊ တက် ရောက်သူ အားလုံး | 20 | 37 | 57 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ</u>



**လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ**

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)


- စပါးစိုက်ပျိုးခြင်း မြေပဲစိုက်ခြင်း မတ်ပဲစိုက်ခြင်း လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။
- သောက်သုံးရေရရှိမှုမှာ အနည်းငယ် အခက်အခဲ ရှိပါသည်။
- လူထုဗဟိုပြုစီမံကိန်းပထမနှစ်စက်ဝန်းတွင်ရာသီဥတုအခက်အခဲကြောင့်လပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပရှိပါ ။ ဒုတိယနှစ်စက်ဝန်းတွင် လမ်းမြေကာလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။
- ကျေးရွာမှာ မိုးတွင်းရာသီများတွင်ချောင်းရေလျှံခြင်းဒဏ်ကို ခံရသည်။
- မိမိတို့ကျေးရွာမှ ကျောင်းသားများ၊ အခြားကျေးရွာမှ ကျောင်းသားများသည် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာသင်သွားရာတွင် ကျေးရွာချင်းဆက်လမ်းများမကောင်းသည့်အတွက် သွားရေး၊ လာရေးများအလွန်ခက်ခဲနေသည်။
- စိုက်ပျိုးမြေယာပိုင်ဆိုင်မှုနည်းပါးပြီး လက်လုပ်လက်စားများပြားသည်။အစိုးရဝန်ထမ်းအနည်းငယ်ရှိသည်။
- ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ရှိသည်။
- ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာကိုးကွယ်ကြသည်။

### ဖွံ့ဖြိုးရေးလိုအပ်ချက်

- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊
- ကျေးရွာတွင်းလမ်းများကောင်းမွန်ရန်၊
- အခြေခံပညာအလယ်တန်းကျောင်းရှိရန်၊
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်၊
- လျှပ်စစ်မီးရရှိရန်၊
- အစည်းအဝေးခန်းမ၊
- ရေနုတ်မြောင်းများကောင်းမွန်ရန်၊

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (ခ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>





**လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း**

**ဥစ္စာနေကြွယ်ဂမ္ဘူရယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာတွင်လူမှုအဆင့်သတ်မှတ်ရာတွင်(က၊ခ၊ဂ၊ဃ)အဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင်စုများသည် အသင့်အတင့်အုပ်စု၊အဆင့်(ဂ)အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ)အိမ်ထောင်စုများသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်.
- ချမ်းသာသောအုပ်စုမှာ(၂၃) အိမ်ထောင်စု၊ အသင့်အတင့်အိမ်ထောင်စုမှာ (၂၀) အိမ်ထောင်စု၊နွမ်း ပါးသောအုပ်စုမှာ (၂၀)အိမ်ထောင်စု၊အလွန်နွမ်းပါးသောအုပ်စုမှာ (၃၄)အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- နွမ်းပါး၊ အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၄င်းတို့၏လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာ၏အခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည်ဖော်လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (၈) ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။





ရာသီခွင်ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ ကိုင်းစိုက်ပျိုးရေးလုပ်ငန်း နှင့် မတ်ပဲစိုက်ခြင်းတို့သည် ကျေးရွာ၏ ဝင် ငွေရရှိသော လုပ်ငန်းများဖြစ်သည်။
- လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းများလုပ်ဆောင်ချိန်တွင် လုပ်အားခများများရရှိ(နယုန်လ၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ၊နတ်တော်၊တပို့တွဲလ)
- အခြားလုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိပေ။
- တစ်နေ့တာအတွင်း အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရရှိမှု မတူညီ၊ (အမျိုးသမီးများမှာ အိမ်တွင်းမှု အလုပ်များနှင့် အချိန်ကုန်နေရသည်။)
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး၊(အိမ်တွင်းမှုပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- တန်ခူး၊ ကဆုန်၊ တော်သလင်း၊ ပြာသိုလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ ကဆုန်၊ ဝါဆို၊ တန်ဆောင်းမုန်း၊ နတ်တော် ပြာသို ရာသီအကူးအပြောင်းများတွင် နှာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေးအရေးပေါ် ကြုံတွေ့ရလျှင် ကြံခင်း၊ မြန်အောင် ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။
- အစားအစာဖူလုံမှုနှင့် ပတ်သက်၍ ဝင်ငွေကောင်းသောလများတွင် ဖူလုံမှုရှိပြီး၊ ဝင်ငွေနည်းသောလများတွင် ဖူလုံမှု မရှိပေ။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်သည်။
- ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ဆီမီးပူဇော်ပွဲနှင့် ကထိန်ပွဲ တပေါင်းလတို့တွင် ရှင်ပြုပွဲများ ကျင်းပပြုလုပ်လေ့ရှိသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန်လတို့တွင်ကောင်းမွန်ပြီး၊ ဝါဆို၊ဝါခေါင်၊ တော်သလင်း၊ သတင်းကျွတ်လတို့တွင် လမ်းများပျက်စီးနေတတ်သည်။ ကျန်သောလများတွင် လမ်းအခြေအနေမှာ အသင့်အတင့်သာ ရှိသည်။
- သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ဝါဆို၊ဝါခေါင်လများတွင် ကိုးကွေ့ ချောင်းမှ ရေလျှံမှုများဖြစ်၍လမ်းများပျက်စီးမှုဖြစ်သည်။ (နှစ်စဉ်)

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်

**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ အုပ်ချုပ်မှု၊ အဖွဲ့အစည်း၊ လုံခြုံမှုနှင့် အရင်းအမြစ်လက်လှမ်းမှီမှု တို့တွင် အားနည်းနေသည် ကိုဆွေးနွေးဖော်ထုတ်ခဲ့သည်။ဥပမာ- အမျိုးသားများသည် အုပ်ချုပ်မှု၊ အဖွဲ့အစည်း ၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုများတွင် ရာခိုင်နှုန်းပြည့် နီးပါးဖြစ်နေသည်ကို တွေ့ရှိရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။
- ကျေးရွာတွင် အမျိုးသမီးများသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (င) အရင်းအမြစ်များအပေါ်အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်



### အရင်းအမြစ်များအပေါ်အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ

**အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။
- စျေးဆိုင်၊ ကြက်၊ ဝက်၊ ဘဲ၊ ငှက်ပျောခြံ၊ အပ်ချုပ်စက်၊ ဖုန်း၊ ဆိုလာပြား စက်ဘီးတို့ကို အမျိုးသမီးများက ပိုင်ဆိုင် အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။
- လယ်၊လှည်း၊ နွား၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ဝါးတော၊ ကား၊ အိမ်၊ ဆိုင်ကယ်၊ ချောင်း၊ ရေတွင်း ဆည်မြောင်းစသည်တို့ကို အမျိုးသားများက ဦးဆောင်အသုံးပြုကြသည်။
- တီဗွီ၊ ရေကန် စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။
- ဆုံးဖြတ်ချက်များချရာတွင် အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

## (စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>





<u>**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ**</u>

**<u>အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်ပြုလုပ်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လည်းပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းလုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးသတ်အဖွဲ့မှာလည်း မြို့နယ်မီးသတ်ဌာနဖြင့် ဆက်သွယ်၍ အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့်အမျိုးသမီးများ ပါဝင်သည့်လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- စာသင်ကျောင်းကော်မတီသည် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်သည်။
- ဂေါပကအဖွဲ့အနေဖြင့် ဘာသာရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး၊
- သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့အနေဖြင့်လည်း သဘာဝဘေးအန္တရာများ ကြုံတွေ့ခဲ့လျှင် တက်ကြွစွာ ဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။

## (ဆ) <u>အမျိုးသား၊အမျိုးသမီးအုပ်စုများ၏ အခက်အခဲ ပြဿနာများ</u>




**အခက်အခဲ ပြဿနာများ**


**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

- အလုပ်အကိုင်များရှိသော်လည်း ဝင်ငွေနည်းပါးခြင်း၊
- လမ်းများပျက်စီးမှုကြောင်းသွားလာရခက်ခဲခြင်း
- စိုက်ပျိုးရေးနည်းပညာ မတတ်သည့်အခက်ခဲ
- သောက်သုံးရေသန့် မရရှိသည့်အခက်အခဲ
- ကျောင်းခြံစည်းရိုး မရှိသည့်အတွက် ကျောင်းသားများ လုံးခြုံမှုမရှိသည့်အခက်အခဲ
- မြေထိန်းနံရံ မရှိသည့်အတွက် နစ်စဉ်လမ်းများပျက်စီးသည့်အခက်ခဲ
- စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့် မရှိသည့် အခက်အခဲ

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

- စာကြည့်တိုက်မရှိသည့်အတွက် ဗဟုသုတ နည်းပါးသည့်အခက်အခဲ
- စိုက်ပျိုးရေးနည်းပညာ ရရှိရန်လိုအပ်သည့်အခက်အခဲ
- ကျောင်းခြံစည်းရိုး မရှိသည့်အတွက် ကျောင်းသားများ လုံးခြုံမှုမရှိသည့်အခက်အခဲ
- မြေထိန်းနံရံ မရှိသည့်အတွက် နစ်စဉ်လမ်းများပျက်စီးသည့်အခက်
- လမ်းမကောင်းသည့်အတွက် ပညာရေး ၊ ကျန်းမာရေး ၊ စီးပွားရေးအတွက် သွားလာရခက်ခဲခြင်း၊

## (၈) ကျေးရွာ(အမျိုးသား၊ အမျိုးသမီး) မျှော်မှန်းချက်




ကျေးရွာမျှော်မှန်းချက်များ


အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ

- ကျေးရွာလမ်းများ ကောင်းမွန်လာရန် မျှော်မှန်း
- သောက်ရေသန့်များ ရရှိရန် မျှော်မှန်း၊
- စိုက်ပျိုးရေးနည်းပညာများ သင်ကြားပေးနိုင်ရန်မျှော်မှန်း
- အားကစားကွင်းရရှိရန်မျှော်မှန်း
- ဒေသထွက် စိုက်ပျိုးသီးနှံများ ဈေးကောင်းရရှိရန်မျှော်မှန်း
- စိုက်ပျိုးရေး မျိုးသန်းများရရှိနိုင်ရန်းမျှော်မှန်း
- စာကြည့်တိုက်ရရှိနိုင်ရန်မျှော်မှန်း

အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ


- ကွန်ကရစ်လမ်းရရှိရန်မျှော်မှန်း
- စာကြည့်တိုက်ရရှိရန်းမျှော်မှန်း
- စိုက်ပျိုးရေးအတွက် နည်းပညာသင်တန်းများရရှိနိုင်ရန်မျှော်နမှန်း
- မူကြိုကျောင်းရရှိနိုင်ရန်မျှော်မှန်း
- စိုက်ပျိုးရေးအတွက် ရေလွှတ်မြောင်းများရရှိရန်မျှော်မှန်း

# (စျ) ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်



## ကျေးရွာအမျိုးသား၊ အမျိုးသမီးများ ဆွေးနွေးတင်ပြသော

## ဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

## ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်

ကျေးရွာအမျိုးသား၊ အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) ရွာတွင်းလမ်းမြေကာန်ရံ ( ကျား / မ )

(၂) စက်ရေတွင်း ရေစင် ရေစက်ရုံ ရေပိုက်သွယ် ( ကျား / မ )

(၃) ရွာတွင်းချောင်းကျောက်လမ်း (ကျား / မ )

(၄) ရေနုတ်မြောင်းပြန်လည်တူးဖော်ရန် (မ)

(၅) ရွာချင်းဆက်ချောင်ကျောက်လမ်း (ကျား)

(၆) စာကြည့်တိုက် (မ)

(၇) မူကြိုကျောင်း (မ )

စသည့် လိုအပ်သည့် လုပ်ငန်းများကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။

# ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ







## ၈။ ကော်မတီဝင်များစာရင်း

ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

ပက်မခန်းအုပ်စု                                        ပက်မခန်းကျေးရွာ

ပြန်လည်ဖွဲ့စည်းသည့်ရက်စွဲ။            ။20-10-2017

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးမြင့်ရွှေ | 09-775433270 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ရီရီဝင်း | 09-264041977 | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေသက္ခနာဦး | 09-264320499 | |
| ၄ | | အဖွဲ့ဝင် | ဦးသန်းနိုင်ဌေး | 09- | |
| ၅ | | အဖွဲ့ဝင် | ဒေါ်နိုင်နိုင်မော် | 09- | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ဝင်း | | |
| ၇ | | အဖွဲ့ဝင် | ဒေါ်ဇာခြည်ထွန်း | | |
| ၈ | | အဖွဲ့ဝင် | ဒေါ်ဝါဝါအောင် | 09-31052805 | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သင်းသင်းမော် | 09-779279501 | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ဇင်နွယ်ထွန်း | 09- | |
| ၁၁ | | အဖွဲ့ဝင် | ဦးစိုးဝင်း | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ခင်ချိုသက် | 09-250119442 | |
| ၁၃ | အကြံပြုတိုင်ကြားဖြေ ရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးမြစိုး | 09-36305362 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဝေဝေစိန် | | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးကျော်နိုင် | 09-259857688 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ချိုဇင်ထက် | 09-36305375 | |

တာဝန်ကျဝန်ထမ်းများ-  ဦးကျော်မျိုးဦး   (CF)

ဦးသက်ပိုင်ဖြိုး  (TF)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ရေး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးရဲဝင်းထွန်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကျော်မျိုးဦး | |
| ~~ပြည်နယ်~~/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ပက်မခင်း | ကျေးရွာ ပက်မခင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| …းစု (၁) ဗမာ | ၁၀၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၀၀ |
| …းစု (၂) ------------ | | ဘာသာ (၂) ------------ | |
| …းစု (၃) ------------ | | ဘာသာ (၃) ------------ | |
| …ျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| …န်စွမ်းသူများ | ၂ | ၂ | ၂ |
| …က်ကြီးရွယ်အိုများ (…နှစ် နှင့် အထက်) | ၃၀ | ၃၀ | ၂၁ |
| …ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)- ဗမာ | ၁၅၃ | ၁၇၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၇၉ | ၂၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဝလီ | ☐ |
| | | | | | | အခြား | ☐ |
| ချက် | | | မှတ်ချက် | | | မှတ်ချက် | |

ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| ဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| ...းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| ...န်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| /မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| | | | မှတ်ချက် | | | မှတ်ချက် | | |

ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော အခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း)
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား [illegible]

ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၀.၂၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၁:၀၅--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---၀၀:၀၅---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
ဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ
ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

---------------------------------

---------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးရဲခိုင်ကျော်

လက်မှတ် [signature] နေ့စွဲ 20.10.2017

လူထုစည်းရုံးရေးမှူး အမည် ဦးကျော်မျိုးဦး

လက်မှတ် [signature] နေ့စွဲ 20.10.2017

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

…ညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို …ဖြည့်သွင်းရမည်။

| | |
|---|---|
| …စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး CF , ဦးသက်ထိုင်မြိုး TF | |
| …နေ့စွဲ 20.10.2017 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) |
| …ခရိုင်/တိုင်း [illegible] | မြို့နယ် [illegible] ; ကျေးရွာအုပ်စု ပက်မခန်း ; ကျေးရွာ ပက်မခန်း |

| …စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 20.10.17 | 20.10.17 | 20 | 37 | 57 | 57 \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20.10.17 | 20.10.17 | 21 | 36 | 57 | 57 \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 25.10.17 | 25.10.17 | 10 | 21 | 31 | 31 \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 9.12.17 | 9.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ာရေးကုန်ကျမှု လျာထားအစီအစဉ် း | | | | | | - - |
| ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် ဝေး | | | | | | |
| ည်းအဝေး ပထမအကြိမ် | | | | | | - - |
| ည်းအဝေး ဒုတိယအကြိမ် | | | | | | - - |
| ည်းအဝေး တတိယအကြိမ် | | | | | | - - |
| းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း ဝေး | | | | | | - - |
| စ်ဆေးပွဲအစည်းအဝေး | | | | | | - - |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး CF ၊ ဦးသက်ပိုင်ဖြိုး TF | | | |
| နေ့စွဲ 20.10.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ခရိုင်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ပက်မခန်း | ကျေးရွာ ပက်မခန်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | နှစ်စဉ်ချောင်းရေလျှံသည့်အခက်အခဲ | ၁ | နှစ်စဉ်ချောင်းရေလျှံသည့်အခက်အခဲ |
| ၂ | လမ်းများပျက်စီးသည့်အခက်အခဲ | ၂ | လမ်းများပျက်စီးသည့်အခက်အခဲ |
| ၃ | ဆက်သွယ်ရေးလမ်းများမကောင်းသည့်အခက်အခဲ | ၃ | ဆက်သွယ်ရေးလမ်းများမကောင်းသည့်အခက်အခဲ |
| ၄ | စိုက်ပျိုးရေးနည်းပညာများလိုအပ်သည့်အခက်အခဲ | ၄ | စိုက်ပျိုးရေးနည်းပညာများလိုအပ်သည့်အခက်အခဲ |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသည့်အခက်အခဲ | ၅ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အခက်အခဲ |
| ၆ | သောက်ရေသန့်ရရှိမှုခက်ခဲခြင်း | ၆ | ရေကောင်းရေသန့်မရရှိသည့်အခက်အခဲ |
| ၇ | ဒေသထွက်ကုန်များဈေးကောင်းမရသည့်အခက်အခဲ | ၇ | ဒေသထွက်ကုန်များဈေးကောင်းမရသည့်အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ချောင်းရေလျှံခြင်းမှကာကွယ်နိုင်ရန်မျှော်မှန်း | ၁ | ချောင်းရေလျှံခြင်းမှကာကွယ်နိုင်ရန်မျှော်မှန်း |
| ၂ | လမ်းများကောင်းမွန်လာရန်မျှော်မှန်း | ၂ | လမ်းများကောင်းမွန်လာရန်မျှော်မှန်း |
| ၃ | စိုက်ပျိုးရေးနည်းပညာအကူအညီများရရှိရန်မျှော်မှန်း | ၃ | စိုက်ပျိုးရေးနည်းပညာအကူအညီများရရှိရန်မျှော်မှန်း |
| ၄ | ပိုမိုဝင်ငွေရနိုင်သည့်လုပ်ငန်းများရရှိရန်မျှော်မှန်း | ၄ | ပိုမိုဝင်ငွေရနိုင်သည့်လုပ်ငန်းများရရှိရန်မျှော်မှန်း |
| ၅ | သောက်ရေသန့်ရရှိရန်မျှော်မှန်း | ၅ | သောက်ရေသန့်ရရှိရန်မျှော်မှန်း |
| ၆ | ဒေသထွက်ကုန်များဈေးကောင်းရရှိရန်မျှော်မှန်း | ၆ | ဒေသထွက်ကုန်များဈေးကောင်းရရှိရန်မျှော်မှန်း |
| ၇ | အိမ်တိုင်းလျှပ်စစ်မီးရရှိရန်မျှော်မှန်း | ၇ | အိမ်တိုင်းလျှပ်စစ်မီးရရှိရန်မျှော်မှန်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| | ရွာတွင်းချောင်းကျောက်လမ်း မြေကာ | အမျိုးသား + အမျိုးသမီး | ၃၈ သိန်း | ၃၃၁ ယောက် |
| | စက်ရေတွင်း၊ ဆက်ရုံ၊ ရေပိုက်သွယ် | အမျိုးသား + အမျိုးသမီး | ၆၀ သိန်း | ၃၃၁ ယောက် |
| | ရွာတွင်းချောင်းကျောက်လမ်း | အမျိုးသား + အမျိုးသမီး | ၂၂ သိန်း | ၃၃၁ ယောက် |
| | ရေနုတ်မြောင်းဖြန့်သည့် တူးဖော် | အမျိုးသား + အမျိုးသမီး | ၉၉ သိန်း | ၃၃၁ ယောက် |
| | ချောင်းကျောက်လမ်း [illegible] | အမျိုးသား + အမျိုးသမီး | ၂၁၈ သိန်း | ၃၃၁ ယောက် |
| | စက်ဖြည့်တိုက် | အမျိုးသား + အမျိုးသမီး | ၄၀ သိန်း | ၃၃၁ ယောက် |
| | မူကြိုကျောင်း | အမျိုးသား + အမျိုးသမီး | ၉၅ သိန်း | ၃၃၁ ယောက် |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မွေးမြူရေးအတွက် အထောက်အပံ့ | ကျား | |
| ၂ | အသက်မွေးဝမ်းကြောင်း သင်တန်း | ကျား + မ | |
| ၃ | စပါးမျိုးသန့်ဆွေးသစ် သာဓက[illegible] | ကျား + မ | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမြင့်ဆွေ ------------------ လက်မှတ် ------------------ နေ့စွဲ 20. 10. 2017

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

ပက်မခုစ်

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းလမ်း ကြေခင်း နံရံ | က / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုမဟုတ် မြို့မိမ်ကိန်း |
| | ၂ | စက်ရေတွင်း ရေစင် ရေကန် ရေပိုက်သွယ် | က / မ | ၂၀၁၈ | ကျေးရွာလူထု | လူထုမဟုတ် မြို့မိမ်ကိန်း |
| | ၃ | ရွာတွင်း ချောင်း ကျောက်လမ်း | က / မ | ၂၀၁၉ | ကျေးရွာလူထု | လူထုမဟုတ် မြို့မိမ်ကိန်း |
| | ၄ | ရေနုတ်မြောင်း မြို့လည်ဘုရား ဖောက် | မ | ၂၀၂၀ | ကျေးရွာလူထု | လူထုမဟုတ် မြို့မိမ်ကိန်း |
| | ၅ | ရွာချင်းဆက် ချောင်းကျောက်လမ်း | က | ၂၀၂၁ | ကျေးရွာလူထု | လူထုမဟုတ် မြို့မိမ်ကိန်း |
| | ၆ | စာကြည့်တိုက် | မ | ၂၀၂၂ | ကျေးရွာလူထု | လူထုမဟုတ် မြို့မိမ်ကိန်း |
| အသက်မွေးဝမ်းကျောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင် တပ်းမျိုး သုံးဈေး သက်သာ သာစွာ နှင့်လုံလောက်စွာရရှိရန် | က | | | စိုက်ပျိုးရေးဝန်ကြီးဌာန |
| ကျန်းမာရေးနှင့်လူမှုရေး | ၁ | ကျန်းမာရေး အတွက် ဆေးဝါး ထောက်ပံ့မှု | က | | | ကျန်းမာရေးဌာန |
| ပညာရေး | ၁ | မူကြိုကျောင်း | မ | ၂၀၂၃ | | ပညာရေးဌာန |
| အခြား | ၁ | တရုန် မီးမဟ | က | | | လျှပ်စစ်ဝန်ကြီးဌာန |
| | ၂ | အတိုး သက်သာသော ချေးငွေ | က / မ | | | ထောက်ပံ့ပေးနိုင်သည့် အဖွဲ့အစည်း |